# ဂျပန်နိုင်ငံ၏ စည်းကမ်းအသစ်

## စက်ဘီးစီးသည့်အခါ စက်ဘီးစီးဦးထုပ်ကို ဆောင်းကြပါ။



၂၀၂၃ခုနှစ် ၄လပိုင်းမှစ၍

အသက်အရွယ်မရွေး စက်ဘီးစီးပါက၊ စက်ဘီးစီးဦးထုပ်ကို ဆောင်းရမည်ဟု စည်းကမ်းအသစ်ကို ပြဋ္ဌာန်းပါမည်။

သင်၏အဖိုးတန်လှသော အသက်ကို ကာကွယ်နိုင်ရန်အတွက်၊ စက်ဘီးစီးလျှင် စက်ဘီးစီးဦးထုပ် ဆောင်းရပါမည်။

## စက်ဘီးစီးဦးထုပ် ဆောင်းရာတွင် အဓိကကျသော အချက်များ

**ရှေ့နောက် သေချာ၊ မှန်ကန်စွာ ဆောင်းပါ။**

စက်ဘီးစီးဦးထုပ်၏ ထိပ်ဖျားက မျက်ခုံးမွေးနား အထိရောက်အောင်ဆောင်းပါ။



**မေးသိုင်းကြိုး ချိတ်ကို သေချာတပ်ပါ။**

မေးသိုင်းကြိုးက တအားချောင်နေပါက၊ ယာဉ်မတော်တဆမှု ဖြစ်ပွါးချိန်တွင် စက်ဘီးစီးဦးထုပ် ကျွတ်ထွက် သွားပါလိမ့်မည်။



**မေးအောက်မှာ မေးသိုင်း ကြိုးကို အနည်းငယ် လျှော့ထားပါ။**

မေးစေ့နှင့် မေးသိုင်းကြိုး၏ကြားတွင် လက်တစ်လုံးစာ ချန်ပြီး ဆောင်းပါ။





## စက်ဘီးစီးဦးထုပ် ဆောင်းရာတွင် သတိထားရမည့် အချက်များ



★စက်ဘီးစီးရန်အတွက် ထုတ်လုပ်ထားသည့် စက်ဘီးစီးဦးထုပ်ကို အသုံးပြုပါ။

★မိမိဦးခေါင်း၏ အရွယ်အစားနှင့် ကိုက်ညီသော စက်ဘီးစီးဦးထုပ်ကို အသုံးပြုပါ။

★ပြင်းထန်စွာ ထိခိုက်ထားသည့် စက်ဘီးစီးဦးထုပ်ကို၊ စက်ဘီးစီးဦးထုပ် အသစ်ဖြင့် လဲလှယ်၍ အသုံးပြုပါ။

~ခါနဂါဝါ ခရိုင်ရဲ~

ミャンマー語